# ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်
# Zomi Congress for Democracy
# ရည်ရွယ်ချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော ပြည်ထောင်စုတိုင်းရင်းသားများနှင့် ရင်းနှီးချစ်ခင်စွာဆက်ဆံသွားရန်။

၂။ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် ပင်လုံကဲ့သို့သော ညီလာခံတစ်ရပ် ကျင်းပနိုင်ရေးကိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယပင်လုံ (သို့မဟုတ်) ၂၁–ရာစု ပင်လုံကိုတိုင်းရင်းသားလူမျိုးစု အသီးသီးမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ လွှတ်တော်ပြင်ပတွင် လွတ်လွတ်လပ်လပ် ညီလာခံတစ်ရပ်ကျင်းပကာ ပင်လုံ အခြေခံမူပေါ်တွင် အခြေပြုသည့် စစ်မှန်သော ပြည်ထောင်စု စနစ်တစ်ရပ်ထူထောင်နိုင်ရန်။

၃။ နှလုံးရည်အားဖြင့် တည်ဆောက်ထားသော ပြည်ထောင်စုကြီး ဖြစ်လာစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်။

၄။ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၅။ တိုင်းရင်းသားအားလုံး၏ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေယဉ်ကျေးမှု အသီးသီး တွင်လည်း တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်။

## <u>လုပ်ငန်းစဉ်</u>

၁။ ချင်းပြည်နယ်သည် အဆင်းရဲဆုံးပြည်နယ်အဖြစ်မှ ဆင်းရဲမှုလျော့ချနိုင်ရန်အတွက် ဘက်ပေါင်းစုံမှပံ့ပိုးကူညီဆောင်ရွက်သွားရန်။

၂။ တရားဥပဒေစိုးမိုးရေး တည်ဆဲဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်တွင် နိုင်ငံသားတိုင်းတပြေးညီဖြစ်စေရန် ဆောင်ရွက်သွားမည်။

၃။ တိုင်းရင်းသားများအားလုံး ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါ လူ့အခွင့်အရေး စံနှုန်းများကို တန်းတူရည်တူ ခံစားနိုင်ရန်နှင့် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ မိမိတို့ယုံကြည်ရာ ဘာသာတရားများကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

၄။ ချင်းပြည်နယ်အတွင်းလူမျိုးနွယ်စုစွဲ၊ မြို့နယ်ဒေသစွဲ၊ ကွဲပြားမှုများကို လျော့နည်းပြီး ပပျောက်အောင်အစွမ်းကုန်စည်းရုံး ဆောင်ရွက်ရန်။

# ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်
# အခြေခံ ဖွဲ့စည်းပုံစည်းမျဉ်း
# အခန်း(၁)

၁။ အမည် – မြန်မာဘာသာဖြင့် ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ် ဟုခေါ်တွင်မည်။

အင်္ဂလိပ်ဘာသာဖြင့် **"Zomi Congress for Democracy"** ဟုခေါ်တွင်မည်။

၂။ အလံ၊ ရင်ထိုးတံဆိပ်

**အလံ**

(အလျား ၅ပေ×အနံ၃ပေ) ဖြစ်ပါသည်။

အနီရောင် အောက်ခံဖြစ်ပြီး၊ အလယ်ခေါင်တည့်တည့် အဖြူရောင်ခံ စက်ဝိုင်းအတွင်းတွင် အောက်ချင်းငှက် တစ်ကောင်ပါရှိပါသည်။

အလံ၏ လက်ဝဲဘက် အပေါ်ဒေါင့်တွင် ကြယ်ဖြူကြီး တစ်ပွင့်ပါရှိပါသည်။



**အလံအဓိပ ၁ယ်ဖွင့်ဆိုချက်**

(က) အနီရောင်သည် ရဲရင့်သတ္တိရှိ ခြင်းကိုဖော်ဆောင်ပါသည်။

(ခ) စက်ဝိုင်းအတွင်းရှိ အောက်ချင်းငှက်သည် ဇိုမီး များ၏အယူအဆတွင် သစ ၁စောင့်ထိန်းမှု ကို ဖော်ဆောင်ပါသည်။

(ဂ) ကြယ်ဖြူမှာ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်နှင့် ပြည်ထောင်စုကြီး ပေါ်ထွန်းစေရန် အတွက် ပင်လုံတွင် လက်မှတ်ရေးထိုးသော လူမျိုးတစ်မျိုး ဖြစ်ကြောင်းဖော်ဆောင်ပါသည်။

**တံဆိပ်**

ရင်ထိုးတံဆိပ် အထိမ်းအမှတ်သည် အရွယ်အစားမှအပအဖွဲ့ချုပ်၏ အလံအတိုင်းဖြစ်ပြီး၊ ယင်းအဖွဲ့ချုပ်အလံ၏ လက်ယာဘက်တွင် အလျားလိုက် ကျားသစ်တစ်ကောင်ပုံတွဲဘက်ပါရှိပါမည်။

အရွယ်အစားမှာ ရုပ်ပုံနှစ်ခုတွဲလျက် ၂" × ၁.၅" ရှိမည်ဖြစ်ပါသည်။

အောက်ခြေတွင်အလျားလိုက်တည့်တည့်စာကြောင်းပါရှိပြီး **Zomi Congress for Democracy** ဟုအလျားလိုက်ပါရှိပါမည်။

**အဓိပ ၢယ်မှာ** – ကျားသစ် မှာမူ ဇိုမီး တို့၏ ရိုးရာဓလေ့အယူအဆအရ သားရဲ တိရစ္ဆာန်များတွင် ကျားသစ်သည် အလျင်မြန်ဆုံး နှင့် သတိ အရှိဆုံးဖြစ်ကြောင်းဖော်ဆောင်ထားပါသည်။

**ဆိုင်းဘုတ်**

အလျား ၈ ပေ×အနံ ၄ ပေ (သို့မဟုတ်) အလျား ၄ ပေ × အနံ ၂ ပေ ရှိရမည်။ အနီရောင် အောက်ခံပေါ်တွင် အဖြူရောင် စာလုံးဖြင့်အလျားလိုက် အချိုးကျ အင်္ဂလိပ်စာလုံး **Zomi Congress for Democarcy** ဟု စာလုံး ကြီးဖြင့်ရေးထားပါသည်။ အောက်ဆုံးတွင် ဇိုမီး ဒီမိုကရေစီ အဖွဲ့ချုပ်ဟု မြန်မာဘာသာ ဖြင့်ရေးထားပါသည်။

– ဆိုင်းဘုတ်၏အပေါ်ဘက် လက်ဝဲဘက်ဒေါင့်နှင့် လက်ယာဘက်ဒေါင့်တွင် စက်ဝိုင်းအသေးဖြင့် အချိုးကျစွာ အောက်ချင်းငှက်၏ ဦးခေါင်းပုံ ပါရှိမည်ဖြစ်ပါသည်။

**တံဆိပ်တုံး**

အဝိုင်းဖြစ်ပြီး အပေါ်ဘက်ခြမ်းတွင် အင်္ဂလိပ်ဘာသာဖြင့် **Zomi Congress for Democarcy** ဟုပါရှိပြီး အောက်ဘက်ခြမ်းတွင် မြန်မာဘာသာဖြင့် ဇိုမီး ဒီမိုကရေစီ အဖွဲ့ချုပ်ဟု ဝိုင်းပတ်ထားပါသည်။

အဝိုင်း၏ အတွင်းစည်းအလယ်တည့်တည့်တွင် ဗဟိုဌာနချုပ်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ် များသည် သက်ဆိုင်ရာအမည်များကို ဖော်ပြထားပါသည်။

# အစည်းအဝေးမှတ်တမ်း

ရက်စွဲ။ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ (၁၉) ရက်။
နေရာ။ ။ အမှတ် ၇၁၁/၇၁၉၊ ကုန်သည်လမ်း၊
ပန်း ဘဲ တန်း မြို့ နယ်၊ ရန်ကုန်။
အချိန်။ ။ (၂း၀၀) နာရီမှ (၄း၀၀) နာရီ။

ဇိုမီး ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီတည်ထောင်လိုသူများ (၁၇) ဦးတွင် ( ) ဦး တက်ရောက်ကြပါသည်။

**ဆုံးဖြတ်ချက်** ။ ။ အစည်းအဝေးတက်ရောက်သူအားလုံးမှ အဖွဲ့ခေါင်းဆောင်အဖြစ်အမှတ်စဉ် ( ၁၁ ) ဦးဂင့်ကမ်းလျန် နှင့် ဒုတိယခေါင်းဆောင်အဖြစ်အမှတ်စဉ် ( ၈ ) ဦးဇမ်ဇမုန် တို့အားရွေးချယ်အတည်ပြုကြပါသည်။

## အစည်းအဝေးတက်ရောက်သူများ

| အမည် | လက်မှတ် |
|---|---|
| (၁) ဦးငိုလ်ခန့်ဒါလ်း | ------------------ |
| (၂) ဦးဆွန်ဒိုးလန့် | ------------------ |
| (၃) ဦးပေါင်လွန်းမင်ထန် | ------------------ |
| (၄) ဦးလျန်ခန့်ဆွမ်း | ------------------ |

## အခန်း(၂)

ဗိုမီး ဒီမိုကရေးစီ အဖွဲ့ချုပ်ကို အောက်ပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းသွားရမည်။

**(က)** အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံသည် အမြင့်ဆုံးအာဏာပိုင် အဖွဲ့ချုပ်ဖြစ်သည်။ ဤညီလာခံကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ခေါ်ယူရမည်။

**(ခ) အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

(၁) မြို့နယ်အဖွဲ့ချုပ်မှ အများဆန္ဒဖြင့် ရွေးချယ်ခံ ရပြီး နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ တက်ရောက်ခွင့်ရသူ ကိုယ်စားလှယ်များက ဗဟိုအလုပ်အမှုဆောင် (၉) ဦး (သို့မဟုတ်) (၁၁) ဦး ရွေးချယ်ပေးရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်(၉) ဦး (သို့မဟုတ်) (၁၁) ဦးသည် မိမိတို့ထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး၊ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်မှူးများကို ရွေးချယ်တာဝန်ပေးရမည်။ ကျန်ဗဟိုအလုပ်အမှုဆောင်များအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် တာဝန်ပေးရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့ချုပ် တစ်ခုလုံး၏ နိုင်ငံရေး ဦးဆောင်အဖွဲ့ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင် အဖွဲ့သည် အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံက ချမှတ်ထားသော နိုင်ငံရေးလမ်းစဉ်များ၊ ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ လုပ်ငန်းဖော်ဆောင်ရာတွင် ဦးဆောင်မှုပေးရန် တာဝန်ရှိသည်။

(၄) ညီလာခံတစ်ခုနှင့် တစ်ခုကြား ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့ဝင်အားလုံး၏ ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြု ဆုံးဖြတ်ခြင်း၊အကောင်အထည်ဖော်ခြင်းများကို ဦးဆောင်သွားရမည်။

(၅) ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ကျောင်းသား၊ လူငယ်၊ အလုပ်သမား၊ တောင်သူလယ်သမား၊ တတ်သိပညာရှင်၊ အနုပညာရှင်များ စသည့်လူထုအဖွဲ့အစည်းဝင်များ နှင့် ဆက်သွယ်ရန် တာဝန်ယူနိုင်သော ပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(၆) အဖွဲ့ချုပ်၏ တစ်နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်သင့်လျော်ရာ မြို့နယ်တွင်ကျင်းပရမည်။ ကျင်းပမည့်နေ့နှင့် နေရာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကဆုံးဖြတ်ပေးရမည်။

(၇) ဗဟိုအလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးသည် နိုင်ငံလုံးဆိုင်ရာညီလာခံ မကျင်းပနိုင်မီစပ်ကြား ညီလာခံ ကိုယ်စားဆောင်ရွက်ဘိသကဲ့သို့ တာဝန်ရှိသည်။

(၈) အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှနိုင်ရန် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံးပါသော အစည်းအဝေးက ထက်ဝက်ကျော် ဆန္ဒမဲအများစုဖြင့် ဆုံးဖြတ်ရမည်။

(၉) နိုင်ငံလုံးဆိုင်ရာ ညီလာခံ မကျင်းပနိုင် သေးမီစပ်ကြား ဤအဖွဲ့အစည်း ဖွဲ့စည်းပုံစည်းမျဉ်းအား ပြင်ဆင်ရန် လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးက ထက်ဝက်ကျော် ဆန္ဒမဲဖြင့် လိုအပ်သလို ပြင်ဆင်နိုင်သည်။ညီလာခံကျင်းပရန် လိုအပ်သည်ဟု ဗဟိုအလုပ်

အမှုဆောင်အဖွဲ့က ဆုံးဖြတ်လျှင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) အထွေထွေအတွင်းရေးမှူးက ညီလာခံဖြစ်မြောက်စေရန် တာဝန်ယူဖိတ်ခေါ်ကျင်းပရမည်။

(၁၀) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်ပါက ဆပ်ကော်မတီများ၊ နာယကအဖွဲ့များကို သင့်တော်သလိုဖွဲ့စည်းနိုင်သည်။

## (ဂ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့

(၁) မြို့နယ်အတွင်းရှိ အဖွဲ့ဝင်များက အများဆန္ဒဖြင့် သင့်လျော်သည့် ဦးရေဖြင့် ရွေးချယ်ပေးသောပုဂ္ဂိုလ်များက မိမိတို့အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို လိုအပ်သလို တာဝန်ပေးရမည်။ ရုံးသို့အစီရင်ခံရမည်။

(၂) မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို နိုင်ငံလုံးဆိုင်ရာ ညီလာခံတက်ရောက်ခွင့်ရရှိသူများ အဖြစ်သတ်မှတ်ရမည်။

(၃) အဓိကတာဝန်တစ်ရပ် အဖြစ် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အဖွဲ့ဝင်များကို စုစည်းခြင်း၊ ဖွဲ့စည်းခြင်း၊ ဗဟိုမှချမှတ်ထားသော နိုင်ငံရေးသဘောထားများနှင့် လမ်းစဉ်များကိုအဖွဲ့ဝင်များ အားရှင်းလင်းပြခြင်း၊ အဖွဲ့ဝင်များ၏ တင်ပြချက်များကို ဌာနချုပ်သို့ ဆောလျင်စွာဆက်လက်တင်ပြခြင်းများကို ဆောင်ရွက်ရမည်။

(၄) ရပ်ကွက်၊ ကျေးရွာများမှ အဖွဲ့ဝင်များကို ဦးဆောင်ဖွဲ့စည်း၍ လိုအပ်သလို တာဝန်ပေးရမည်။ ရပ်ကွက်၊ ကျေးရွာများမှ အဖွဲ့ဝင်များထံမှ အစီရင်ခံချက်များကို ဌာနချုပ်ထံသို့ စဉ်ဆက်မပြတ် အစီရင်ခံရမည်။

## (ဃ) အစည်းအဝေးကျင်းပခြင်း

(၁) နိုင်ငံလုံးဆိုင်ရာညီလာခံ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေး၊ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအစည်းအဝေးများ အားလုံးသည် အစည်းအဝေးတက်ရောက်ရမည့်သူ စုစုပေါင်း၏ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။

(၂) အစည်းအဝေးများသို့ တက်ရောက်လာသူများ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်အတည်ပြုနိုင်သည်။

(၃) အဖွဲ့ချုပ်ဥက္ကဋ္ဌ သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။ထူးခြားသည့်အခြေအနေကြောင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။ ထူးခြားသည့် အခြေအနေကြောင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ခေါ်ယူကျင်းပရန် လိုအပ်သည်ဟု ယူဆပါကဥက္ကဋ္ဌ (သို့)ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးထက်မနည်း၏ သဘောတူညီချက်ဖြင့် ခေါ်ယူနိုင်သည်။

(၄) ညီလာခံကျင်းပရန် လိုအပ်လာပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ (သို့မဟုတ်) အထွေထွေအတွင်းရေးမှူးက ညီလာခံဖြစ်မြောက်စေရန် တာဝန်ယူဖိတ်ခေါ်ကျင်းပရမည်။

## (င) အဖွဲ့ဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အသက် (၁၈)နှစ် ပြည့်ပြီးသူတိုင်း ကျား/မ မရွေးမည်သူမဆို ပါဝင်ခွင့်ရှိသည်။ သို့သော် သာသနာ့ဝန်ထမ်းမဖြစ်စေရ။

(၃) ပါတီစည်းကမ်းကို ကျူးကျော်ဖောက်ဖျက်သူ မဖြစ်စေရ။ ရူးသွပ်စိတ်မနှံ့သူမဖြစ်စေရ။

(၄) အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များနှင့်စည်းမျဉ်း စည်းကမ်းများကို နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးသူဖြစ်ရမည်။

(၅) အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် မိမိဆန္ဒအရ နုတ်ထွက်ခွင့်ရှိသည်။ ကွယ်လွန်ခြင်း၊ ဆက်သွယ်ရန် လုံးဝခက်ခဲသည့် အခြေအနေနှင့် နေရာဒေသများသို့ ရောက်ရှိသွားခြင်းများ ရှိခဲ့လျှင် အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် နုတ်ထွက်ပြီဟု မှတ်ယူရမည်။

(၆) အဖွဲ့ဝင်ထဲမှ တစ်ဦးဦးသည် အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများကိုဖောက်ဖျက်ကြောင်း အထောက်အထားများတွေ့ရှိပါက မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က အဖွဲ့ဖွဲ့ စုံစမ်းစစ်ဆေး ပြီးအမှုဆောင်အဖွဲ့ဝင် သုံးပုံနှစ်ပုံ ကျော်၏သဘောတူညီချက်ဖြင့် အဖွဲ့အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ချက်အား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူရမည်။ ဖောက်ဖျက်သူသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သုံးပုံနှစ်ပုံ ကျော်သဘောတူညီမှုဖြင့်ဆုံးဖြတ်အတည်ပြုရမည်။

## (စ) အဖွဲ့ဝင်တိုင်း လိုက်နာရမည့် စည်းကမ်းချက်များ

(၁) အဖွဲ့ဝင်တိုင်းသည် အဖွဲ့ချုပ်၏ မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ငန်းဆုံးဖြတ်ချက်များကို လိုက်နာရမည်။

(၂) အဖွဲ့ချုပ်က ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(၃) အဖွဲ့ချုပ်က သတ်မှတ်ထားသော ဝင်ကြေး၊လစဉ်ကြေး များကို မပျက်မကွက်ပေးဆောင်ရမည်။

(၄) နိုင်ငံတော်က ချမှတ်ထားသော ဥပဒေများကို လေးစားလိုက်နာရမည်။ တရားဥပဒေစိုးမိုးရေး ကိုအတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ရမည်။

(၅) အဖွဲ့ချုပ်၏ အမည်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေမည့်အပြုအမူ၊ အပြောအဆို၊ အရေးအသား များကိုရှောင်ကြဉ်ရမည်။

(၆) ဆုံးဖြတ်ချက်များကို ဒီမိုကရေစီ နည်းကျကျ အများသဘောတူ ဆုံးဖြတ်ရမည်။ ချမှတ်ပြီးသည့် ဆုံးဖြတ်ချက်များကိုလည်းလေးစားလိုက်နာရမည်။

(၇) အဖွဲ့ချုပ်၏ အမည်နာမကို အသုံးပြု၍ ကိုယ်ကျိုးစီးပွားရှာခြင်း လုံးဝမပြုလုပ်ရ။

## (ဆ) ရန်ပုံငွေ

(၁) ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အကျေ အလည်ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချ သတ်မှတ်ပေးရမည်။သတ်မှတ်ချက်သည် အများ၏ ငွေ ကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေရှိရမည်။

(၂) အလှူခံခြင်း၊ ကောက်ခံခြင်း၊ အခြားသတ်မှတ်ချက်များ (အဖွဲ့ဝင်ကြေး စသည့်)မှ ရရှိငွေများကိုစနစ်တကျ စာရင်းကိုင်မှ စာရင်းပြုစုထားရမည်။ အဖွဲ့ချုပ်စာရင်းစစ်မှူး၏ ပုံမှန်စစ်ဆေးခြင်းကိုခံယူရမည်။ လိုအပ်ပါက ပြင်ပ စာရင်းစစ် အဖွဲ့များ၏ စစ်ဆေး ခြင်းကိုပါခံနိုင်ရန်ပြင်ဆင်ထားရမည်။



အလံ




ရင်ထိုးတံဆိပ်




ဆိုင်းဘုတ်




တံဆိပ်ဝိုင်း